NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယွီ)

(Chapter 4086-4105)

စာစဉ် – ၂၀၈

ပြိုင်ဘက်ကင်းတာအိုသခင်

ဘာသာပြန်သူ-ShwePaJi

Book 208 Chapter 4086 to 4105

*

## Chapter 4086

*

သို့ရာတွင် ထိုကိစ္စနှင့်ပတ်သတ်ပြီး မည်သူမျှ စကားတစ်ခွန်း မဆိုဝံ့ချေ။

ဤသည်မှာ ခွန်အား၏ထိန်းချုပ်ကန့်သတ်နိုင်မှုကြောင့်ပင်။အကယ်၍ ဤနေရာတွင် တခြားတစ်ယောက်ဖြစ်နေပါက ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေပေလိမ့်မည်။

သို့ရာတွင် ဟန်ယွမ်နန်းတော်နေရာကို အပိုင်စီးထားသောလူသည် တခြားလူမဟုတ်ဘဲ ကောင်းကင်ဘုံဧကရီရှန်လင်းလုံဖြစ်နေသည်။ဤသည်ကြောင့် ချန်အန်းမြို့အတွင်းသို့ ဝင်ရောက်လာသူများသည် မကျေမနပ် ဖြစ်နေကြသော်လည်း ထုတ်ဖော်ပြောဆိုဝံ့ခြင်းမရှိချေ။

ဟန်ယွမ်နန်းတော်....ခရမ်းနန်းဆောင်

ဤသည်မှာ အတိတ်တွင် ထန်ဧကရာဇ်သည် အင်ပါယာအတွင်းမှ အရာရှိများနှင့် ညီလာခံကျင်းပရာ၌ အသုံးပြုသည့်နေရာပင်။

ထန်ဧကရာဇ်သည် နဂါးပလ္လင်ပေါ်၌ထိုင်ကာ သူ၏စကားလုံးတိုင်း အပြုအမူတိုင်းသည် မိုးကောင်းကင်ယံမှ ကျရောက်လာသည့်အလားပင်။

ထိုအရာများသည် ရာနှင့်ချီသော အရာရှိများမှတဆင့် ကောင်းကင်ဘုံ နယ်မြေ၏ နေရာအနှံ့အပြားသို့ ရောက်ရှိသွားသည်။

ဤသည်မှာ အလွန်သာယာဝပြောသောခေတ်ကာလတစ်ခုပင်။မည်မျှထိ အင်အားကောင်းသော တည်ရှိမှုကြီးဖြစ်နေပါစေ ထန်အင်ပါယာ၏အုပ်ချုပ်မှုအောက်တွင် ချွင်းချက်မရှိ အညံ့ခံရပြီး တခြားမည်သည့်အတွေးမျိုးကိုမျှ တွေးတောဝံ့ခြင်းမရှိချေ။

ဤနေရာတွင်ရှိနေသော ပစ္စည်းအများစုသည် အကောင်းပကတိကျန်ရှိနေဆဲပင်။

အကြောင်းအရင်းမှာ ဤနေရာရှိ ပစ္စည်းများသည် အလွန်အဖိုးတန်ခြင်းကြောင့်ပင်။ထို့ပြင် ဤနေရာသည် အတွင်းနန်းဆောင်ဖြစ်ခြင်းကြောင့် ဟန်ယွမ်နန်းတော်၏အဓိကနေရာတစ်နေရာလည်း ဖြစ်နေပေ၏။

ဤနန်းတော်၏အောက်တွင် အလွန်ကြီးမားသော ဝက်ပါဖွဲ့စည်းပုံကြီး တစ်ခု ပုန်းကွယ်နေသည်။မှော်သင်္ကေတအက္ခရာများမှ စွမ်းအားများသည် တစ်ချိန်လုံးလှည့်ပတ်နေကာ ခရမ်းနမ်းဆောင်တစ်ခုလုံးကို ကာကွယ်ပေးထားသည်။ထို့ကြောင့် နှစ်ပေါင်းများစွာကြာမြင့်လာသည့်တိုင် ဤနေရာသည် ပြင်ပလောက၏ တိုက်စားမှုများကို ခံနိုင်ရည်ရှိပေ၏။

ဤအချိန်အခိုက်အတန့်တွင် ကောင်းကင်ဘုံဧကရီရှန်လင်းလုံသည် တချိန်က ထန်ဧကရာဇ်ထိုင်ခဲ့သော နဂါးပလ္လင်ပေါ်၌ထိုင်နေသည်။အချိန်တခဏကြာခန့် တိတ်တဆိတ်စဉ်းစားတွေးတောပြီးနောက် သူမက တည်ငြိမ်စွာပြောဆိုသည်။

"အတိတ်မှာ ချန်အန်းမြို့က အရမ်းစည်ပင်ဝပြောပြီးတော့ ကြီးကျယ်ခမ်းနားတယ်...အဲ့ဒီမြို့ကြီးက ခုလိုမျိုး ပျက်စီးသွားရတဲ့နေ့တနေ့ကို ရောက်လာမယ်လို့ ငါ ဘယ်တုန်းကမှ တွေးမထားခဲ့မိဘူး"

ရှန်လင်းလုံသည် ကြက်သွေးရောင်နဂါးဝတ်ရုံကိုဝတ်ဆင်ထားကာ သူမ ထံတွင် မြင့်မြတ်သောဧကရီတစ်ယောက်၏သွင်ပြင်မျိုး ရှိနေသည်။

ဤနဂါးဝတ်ရုံသည် ကြက်သွေးရောင်ရှိကာ အနားများကို အနက်ရောင် ဖြင့်ကွပ်ထားသည်။ ဝတ်ရုံ၏အောက်ခြေတွင် ရွှေရောင်အပ်ချည်များနှင့် နဂါးပုံစံများ ပန်းထိုးထားသည်။ထိုဝတ်ရုံကို ပြုလုပ်ထားသောအပ်ချည် သည် နဂါးပိုးကောင်မှ ထွေးထုတ်ထားသော ချည်မျှင်များပင်။ထို့နောက် တော်ဝင်အပ်ချုပ်ဌာနသို့ပို့ဆောင်ကာ အလုပ်သမားရေးရာဌာနနှင့် အတူ ပူးပေါင်းပြီး ပြိုင်ဘက်ကင်း မှော်ရတနာတစ်ခုဖြစ်သည့် နဂါးဝတ်ရုံကို ဖန်တီးရသည်။

ဤကြက်သွေးရောင် နဂါးဝတ်ရုံတွင် နဂါးဝိညာဉ်တစ်ကောင်ပါရှိပြီး ဧကရာဇ်အဆင့်ရတနာတစ်ခုပင်။အကယ်၍ မည်သည့်မှော်စွမ်းအားမျှမရှိ သော သေမျိုးတစ်ယောက်ပင်လျှင် ထိုအရာကိုဝတ်ဆင်ပါက လောကကြီး အတွင်းရှိ သက်ရှိများအားလုံးကို အုပ်ချုပ်သူတစ်ယောက်၏အရှိန်အဝါမျိုး ရရှိပေမည်။

ရှန်လင်းလုံသည် သက်ပြင်းတစ်ချက်ရှိုက်ကာ နဂါးပလ္လင်မှ မတ်တတ်ထ ရပ်ပြီး တီးတိုးရေရွတ်လိုက်သည်။

"ထားလိုက်တော့...အရာအားလုံးက အတုအယောင်တွေပဲ...တကယ်လို့ တစ်ချိန်တုန်းက အရမ်းအစွမ်းထက်ခဲ့တယ်ဆိုရင်တောင် ဘာလုပ်ရမှာ လဲ...အဆုံးသတ်ကျတော့ဒါတွေက မီးခိုးငွေ့တွေလိုပဲ ပျောက်ကွယ်သွားခဲ့ တယ်...အခုအချိန်မှာ မြို့ပျက်ကြီးတစ်မြို့ထက် ဘာမှမပိုတော့ဘူး"

ဤနဂါးပလ္လင်သည် သူမ၏အပိုင် မဟုတ်ချေ။

သူမ၏နံဘေးတွင် ရှကွေ့ကျုံးသည် သူ၏မျက်လုံးကိုစုံမှိတ်၍ မတ်တတ်ရပ်နေလေ၏။သူ၏နောက်ကျောတွင် တောက်ပသောအလင်းဘီး

ကြီးတစ်ခု ထွက်ပေါ်နေသည်။

ရှကွေ့ကျုံး၏ခန္ဓာကိုယ်မှနေ၍ သာယာနာပျော်ဖွယ်ကောင်းသော ဗုဒ္ဓကျမ်းစာရွတ်ဖတ်သံများကို ကြားရနိုင်သည်။

ဤသည်မှာ တစ်စုံတစ်ယောက်သည် သူ၏စိတ်နှလုံးသားအတွင်းမှနေ၍ ဗုဒ္ဓကျမ်းစာများကို နှစ်ပေါင်းများစွာကြာအောင် ရွတ်ဖတ်ခြင်းကြောင့် စုစည်းမိသော ကံကြမ္မာစွမ်းအားများမှတဆင့် ဖြစ်တည်လာခြင်းပင်။

ဗုဒ္ဓဘုရားလောင်းများနှင့် မြင့်မြတ်သောဘုန်းတော်ကြီးများ ထွက်ပေါ်လာသောအချိန်တွင် ဤကဲ့သို့ သဘာဝလွန်ပုံရိပ်မျိုး ဖြစ်ပေါ်လာလေ့ရှိသည်။

သို့ရာတွင် ဗုဒ္ဓကျမ်းစာများရွတ်ဖတ်ခြင်းမှ ဗုဒ္ဓအစွမ်းထက်ကျင့်ကြံသူဖြစ်လာသူများသည် ယုံကြည်သက်ဝင်သူများနှင့် ကွဲပြားခြားနားချက်များရှိသည်။ရှကွေ့ကျုံးသည် ကွဲပြားခြားနားသောလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းပင်။သူသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကာ ဗုဒ္ဓနည်းစနစ်များကိုသင်ယူခဲ့သော်လည်း ဗုဒ္ဓအား ဝတ်ပြုကိုးကွယ်ခြင်းမရှိချေ။

သူသည်သာ ဗုဒ္ဓ...ဗုဒ္ဓသည် သူပင်။

ထို့ကြောင့် ရှကွေ့ကျုံးရွတ်ဆိုသော ကျမ်းစာတိုင်းမှ ထုတ်လွှတ်ထားသည့် ကံကြမ္မာစွမ်းအားများသည် မည်သည့်အတားအဆီးမျှမရှိဘဲ သူ့ထံသို့သာ ကျရောက်နေသည်။

အကယ်၍ ဤကံကြမ္မာစွမ်းအားများကို အချိန်ကြာမြင့်စွာ စုဆောင်းထားနိုင်ပါက ရှကွေ့ကျုံးသည် အမှန်တကယ်ကို ဗုဒ္ဓတစ်ပါးဖြစ်လာပေမည်။

ရှန်လင်းလုံ၏စကားများကို ကြားချိန်တွင် ရှကွေ့ကျုံးက သူ၏မျက်လုံး

များကိုဖြည်းညှင်းစွာဖွင့်လိုက်၏။

သူ၏မျက်လုံးအတွင်း၌ ရွှေရောင်အလင်းတန်းများ ထင်ဟပ်နေကာ အကန့်အသတ်မရှိသော ဉာဏ်ပညာများ ကိန်းအောင်းနေသည့်အလားပင်။ ထိုကြောင့် သူ့အား ကြည့်မိသောမည်သူမဆို သူတို့၏အကြည့်များကို အဝေးသို့ရှောင်လွှဲရန် ခက်ခဲပေမည်။

"ရှေးဟောင်းထန်အင်ပါယာရဲ့ဧကရာဇ်တွေက တိုတောင်းတဲ့အချိန်ကာလ တစ်ခုအတွင်းမှာ အရမ်းသန်မာအားကောင်းခဲ့ကြတယ်...သူတို့က ပါရမီထူးကဲတဲ့လူတွေဖြစ်ပြီးတော့ ထန်အင်ပါယာရဲ့ကံကြမ္မာစွမ်းအား ကောင်းချီးပေးမှုကို ရရှိထားခဲ့တယ် သူတို့ရရှိတဲ့ စွမ်းအားပမာဏက သာမန်လူတွေ တွေးတောနိုင်တာထက် အများကြီးကျော်လွန်နေတယ်...ဒါပေမဲ့ သူတို့တွေက ဘယ်လိုပဲ မွေးဖွားလာပါစေ...အဆုံးသတ်ကျရင် သူတို့နဲ့မြေပြင်ပေါ်က ပုရွက်ဆိတ်တွေက အတူတူပဲ...အချိန်ကျလာတာနဲ့ သက်ရှိတွေအားလုံး သေဆုံးရလိမ့်မယ်...ဘယ်အရာမှ အချိန်အကြာကြီး တည်မြဲနိုင်မှာမဟုတ်ဘူး"

ရှကွေ့ကျုံးက တည်ငြိမ်စွာပြောဆိုသည်။

***

Chapter 4087

*

"ဒါကြောင့် ဘယ်သူတစ်ဦးတစ်ယောက်မှ ထာဝရအသက်ရှင်သန်နိုင်မှာမဟုတ်ဘူး...အရာအားလုံးက အတုအယောင်တွေပဲ"

နောက်ဆုံး၌ ရှကွေ့ကျိုး ထုတ်လွှတ်လိုက်သော အသံသည် ခရမ်းနန်းဆောင်တစ်ခုလုံးအနှံ့ အဆက်မပြတ် ပျံ့နှံ့သွားခဲ့သည်။ဤသည်မှာ မိုးကောင်းကင်တာအို၏အသံအလား မြင့်မြတ်မှု ကြီးကြပ်ခမ်းနားမှုတို့ဖြင့် ပြည့်နှက်နေသည်။

ကောင်းကင်ဘုံဧကရီရှန်လင်းလုံသည် သူ၏နံဘေး၌ ရှိနေသော်လည်း သူတို့နှစ်ယောက်၏အဆင့်အတန်းများသည် ပြောင်းလဲခံထားရသည့်အလားပင်။ရှကွေ့ကျိုးသည် လောကကြီးတခွင်လုံးရှိ အရာရာတိုင်းကို အုပ်ချုပ်ရသူတစ်ယောက်နှင့်တူညီကာ ကောင်းကင်ဘုံဧကရီရှန်လင်းလုံသည် သူ၏လက်အောက်၌ တာဝန်ထမ်းဆောင်နေသော အမတ်ကြီးတစ်ပါးအလားပင်။

ကောင်းကင်ဘုံဧကရီရှန်လင်းလုံသည် မျက်မှောင်ကြုတ်လိုက်သော်လည်း မည်သည့်စကားမျှ ပြောဆိုခြင်းမပြုချေ။ဤသည်မှာ သူမရှေ့ရှိ မြင်ကွင်းကို သူမ အစဉ်အမြဲ မြင်တွေ့ဖူးသည့်အလားပင်။

"နင်က ရတနာတချို့ရှာဖို့အတွက် ငါ့ကို ဒီခရမ်းနန်းဆောင်ဆီ ခေါ်လာခဲ့တာ မဟုတ်လား...ငါသိသလောက်တော့ ထန်အင်ပါယာရဲ့ချမ်းသာကြွယ်ဝမှုတွေထဲက အများစုက ဧကရာဇ်ရဲ့ဘဏ္ဍာတိုက်ထဲမှာ ပုန်းကွယ်နေ

တယ်...ဘာမှမရှိတဲ့ ဒီနန်းဆောင်ထဲကို ရောက်လာတာက ဧကရာဇ်ရဲ့ ဘဏ္ဍာတိုက်ကို ရှာဖို့အတွက်လား"

ကောင်းကင်ဘုံဧကရီ ရှန်လင်းလုံက မေးခွန်းတစ်ခုနှင့် တုံ့ပြန်သည်။

ရှကွေ့ကျုံးက သူ၏ခေါင်းကိုခါယမ်းကာ ပြောဆိုလိုက်၏။

"ထန်ဧကရာဇ်ရဲ့ဘဏ္ဍာတိုက်က တကယ့်ကိုပဲ ဒီနေရာမှာ ရှိနေတယ်...ဒါပေမယ့် အတွင်းမှာရှိတဲ့ပစ္စည်းတွေက သာမန်ပစ္စည်းတွေပဲ...ငါ သဘောမကျဘူး"

"အမ် နင်တို့ရှမိသားစုက ထန်အင်ပါယာရဲ့ဧကရာဇ်ပိုင်ဆိုင်ခဲ့တဲ့ ချမ်းသာကြွယ်ဝမှုတွေကိုတောင် လျစ်လျူရှုထားနိုင်ပြီလား"

ကောင်းကင်ဘုံဧကရီ ရှန်လင်းလုံ၏အသံတွင် လှောင်ပြောင်သရော်လိုမှုများဖြင့် ပြည့်နှက်နေသည်။

ရှမိသားစုသည် ကောင်းကင်ဘုံအင်ပါယာ၌ ချမ်းသာကြွယ်ဝဆုံးမိသားစုတစ်စုဟု လူတိုင်း သိထားကြသည်။

သို့ရာတွင် ၎င်းချမ်းသာကြွယ်ဝမှုသည် အလယ်ခေတ်အတွင်းတွင် အစွမ်းထက်ဆုံးဖြစ်ခဲ့သော လီတော်ဝင်မိသားစုနှင့် နှိုင်းယှဉ်ပါက အလွန်အမင်းနိမ့်ကျနေဆဲပင်။

ရှကွေ့ကျုံးက သူ၏ခေါင်းကိုမော့ကာ ကောင်းကင်ဘုံဧကရီ ရှန်လင်းလုံကို ကြည့်လိုက်သည်။သူ၏မျက်လုံးအတွင်းတွင် ဗုဒ္ဓ၏အလင်းရောင်များဖြင့် ပြည့်နှက်နေပေ၏။

"ငါ အရင်က ပြောထားခဲ့သလိုပဲ...ဘယ်သူမှ ထာဝရအသက်မရှင်နိုင်ဘူး...ဒီချမ်းသာကြွယ်ဝမှုတွေကလည်း ရေထဲက တံလျှပ်တစ်ခုလိုပဲ ထာဝရတည်မြဲမှာမဟုတ်ဘူး...ဒီရတနာတွေကို တယောက်ယောက်က ရသွား

ရင်တောင် ဘာအဓိပ္ပာယ်မှမရှိဘူး"

"ဗုဒ္ဓကျင့်ကြံခြင်းလမ်းကြောင်းမှာ ဘုန်းတော်ကြီးတစ်ပါးဖြစ်ဖို့အတွက် သူတို့ရဲ့စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်ခဲ့တဲ့ ထိပ်သီးအစွမ်းထက်ကျင့်ကြံသူတွေ အများကြီးရှိတယ်...သူတို့က တစ်ကိုယ်တော်ကျင့်ကြံပြီးတော့ အရာအားလုံးရဲ့ထိန်းချုပ်မှုအောက်ကနေ ရုန်းထွက်ချင်တယ်...အဲ့ဒီလိုမလုပ်ရင် သူတို့တွေက အောင်မြင်မှုတွေ ရမှာမဟုတ်ဘူး...လောကီရတနာတွေရဲ့ ချည်နှောင်ခြင်းကို ခံထားရတဲ့လူတွေက အရာရာတိုင်းရဲ့အစစ်အမှန်ပုံစံကို ဘယ်လိုမှ တွေ့မြင်နိုင်မှာမဟုတ်ဘူး"

ကောင်းကင်ဘုံဧကရီရှုန်လင်းလုံ၏မျက်ခုံး အနည်းငယ်တွန့်ကွေးသွားသည်။

"ထာဝရအသက်ရှင်သန်နိုင်မယ့်နည်းလမ်းက ဒီနေရာမှာ ပုန်းကွယ်နေတယ်လို့ နင် ဆိုလိုချင်တာလား"

ထာဝရအသက်လမ်းကြောင်းသည် ယခုခေတ်ကာလအတွင်းရှိ ကျင့်ကြံသူများကို အလွန်အမင်းဆွဲဆောင်နိုင်သောအရာပင်။

ရှေးဟောင်းခေတ်ကာလအတွင်းမှစတင်၍ အင်မော်တယ်လမ်းကြောင်း ပြတ်တောက်သွားသောကြောင့် ကျင့်ကြံသူများ၏ဘဝသက်တမ်းသည်လည်း ဆုတ်ယုတ်သွားရသည်။

ရှေးဟောင်းခေတ်ကာလအချိန်အတွင်း၌ ကျင့်ကြံသူများသည် နှစ်ပေါင်းသောင်းနှင့်ချီ၍ အသက်ရှင်သန်နိုင်သည်။မြင့်မြတ်နယ်မြေတချို့တွင်ရှိနေသော မွန်းစတားအိုကြီးများသည် ဤကဲ့သို့နည်းလမ်းဖြင့် အသက်ရှင်သန်နေကြလေ၏။

ယခုလက်ရှိခေတ်ကာလတွင် ကျင့်ကြံနေကြသည်မှာ အတုအယောင်အင်

မော်တယ်များပင်။ သူတို့သည် ယခင်ခေတ်ကာလမှလူများကဲ့သို့ အစွမ်းထက်ခြင်းမရှိတော့သည့်အပြင် သူတို့၏ဘဝသက်တမ်းသည်လည်း ဆုတ်ယုတ်လာသည်။သူတို့အနက်မှအချို့ထံတွင် လုံလောက်သော ပါရမီ အရည်အချင်းမရှိခြင်းနှင့် ကျင့်ကြံဆင့်နယ်ပယ်နိမ့်ပါးခြင်းတို့ကြောင့် သူတို့၏ဘဝသက်တမ်းသည် သာမန်သေမျိုးများနှင့် တူညီသလောက်နီးပါးပင်။သာမန်အားဖြင့် သူတို့သည် အသက်တစ်ရာကျော်ခန့်သာ နေထိုင်နိုင်ကြသည်။ဤသည်မှာ ကျင့်ကြံသူများ လက်သင့်ခံလိုခြင်းမရှိသော အကြောင်းအရင်းတစ်ခုဖြစ်သည်မှာ သိသာထင်ရှားလှ၏။

"ဇကေရီအရှင်မ မင်း ရှေးဟောင်းမဟာတာအိုကျမ်းစာသုံးခုအကြောင်းကို ကြားဖူးလားဆိုတာ ငါ သိချင်တယ်"

ရှကွေ့ကျုံးက ပြောဆိုသည်။

"ငါ သိတာပေါ့....အဲ့ဒီရှေးဟောင်းမဟာတာအိုကျမ်းစာသုံးခုက ကောလဟာလတွေအရတော့ ရှေးဟောင်းကောင်းကင်ဘုံနန်းတွင်းမှာရှိတဲ့ အစွမ်းထက်ကျင့်ကြံသူတွေ ရေးသားခဲ့တာပဲ...အင်မော်တယ်လမ်းကြောင်းက ရှေးဟောင်းခေတ်ကာလကနေ စတင်ပြီးတော့ ပြတ်တောက်သွားခဲ့ပြီ..အဲ့ဒီလမ်းကြောင်းကို ဆက်ပြီးတော့လျှောက်လှမ်းချင်တဲ့ ကျင့်ကြံသူတွေက ရှေးဟောင်းမဟာတာအိုကျမ်းစာသုံးခုကို ရရှိတာနဲ့ ထာဝရအသက်ရဲ့လျှို့ဝှက်ချက်တွေကို ရှာဖွေနိုင်လိမ့်မယ်"

ထိုစကားကိုပြောဆိုနေချိန်တွင် ကောင်းကင်ဘုံဇကေရီရှန်လင်းလုံ၏မျက်လုံးများ တောက်ပနေသည်။

ရှကွေ့ကျုံးက ခေါင်းညိတ်ပြလေ၏။

"ဒါက အမှန်ပဲ....ရှေးဟောင်းတာအိုကျမ်းစာသုံးခုမှာ ထာဝရအသက်ရဲ့လျှို့ဝှက်ချက်တွေ ပုန်းကွယ်နေတယ်"

"အဲ့ဒီကျမ်းစာသုံးခုက ချန်အန်းအမွေအနှစ်နယ်မြေအတွင်းမှာ စုဝေးနေမယ်လို့ ငါ တွက်ချက်ပြီးပြီ...ဒါက ကောင်းကင်ဘုံကနေ ချီးမြှင့်တဲ့ ရွှေရောင်အခွင့်အရေးကြီးပဲ...ငါတို့က ဒါကို လွဲချော်ခံလို့မဖြစ်ဘူး...နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တော်ဝင်အခွင့်အာဏာတွေ မော်ရတနာတွေအားလုံးက အသုံးမဝင်တဲ့အရာတွေပဲ...ထာဝရအသက်ရဲ့လျှို့ဝှက်ချက်ကို ရှာတွေ့နိုင်သရွေ့မင်းနဲ့ငါက အစစ်အမှန်အင်မော်တယ်လောကကို တက်လှမ်းနိုင်လိမ့်မယ်...ဒါက ငါ တကယ်လိုချင်တဲ့အရာပဲ"

ရှကွေ့ကျုံး၏နောက်ရှိ အလင်းဘီးကြီး ပို၍တောက်ပစ ပြုလာသည်။

***